DAN CHURCH AID
AYUDA DE DCA
DENMARK
actalliance

WWW.DANCHURCHAID.ORG/ANTI-CORRUPTION



# ဒိန်းမတ်အသင်းတော်ကူညီပံ့ပိုးမှု
# အဂတိလိုက်စားမှုဆန့်ကျင်ရေးမူဝါဒ

## DANCHURCHAID ၏အဂတိလိုက်စားမှုဆန့်ကျင်ရေးမူဝါဒ

ဤအဂတိလိုက်စားမှုဆန့်ကျင်ရေးမူဝါဒသည် DanChurchAid ဝန်ထမ်းများအားလုံးနှင့်အကျုံးဝင်ပြီး DanChurchAid ဝန်ထမ်းများအားလုံးအတွက်ရည်ရွယ်ပါသည်။ ကျွန်ုပ်တို့ DanChurchAid ဝန်ထမ်းများ အားလုံးသည်ဤမူဝါဒနှင့်အညီလိုက်နာကျင့်ကြံရမည်ဖြစ်ပြီး ဤမူဝါဒအားကျူးလွန်ဖောက်ဖျက်မှုတစ်စုံ တစ်ရာရှိပါက DanChurchAid ၏အောက်ဖော်ပြပါလုပ်ထုံးလုပ်နည်းများအတိုင်း အသိပေးသတင်းပို့ ရမည်ဖြစ်သည်။

အဂတိလိုက်စားမှုသည် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်၊ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှု၊ဒီမိုကရေစီ အသွင်ဆောင်သောလုပ်ငန်းစဉ်များနှင့် မျှတသောစီးပွားရေးကျင့်စဉ်များကိုအန္တရာယ်ပေးခြိမ်းခြောက်လျက် ရှိသည်။ သို့ဖြစ်၍အဂတိလိုက်စားမှုကိုဆန့်ကျင်တိုက်ဖျက်ခြင်းသည် အရပ်ဖက်လူ့အဖွဲ့အစည်းကိုတည် ဆောက်ခြင်းဖြစ်ပြီးလူမှုရေးတရားမျှတမှုကင်းမဲ့ခြင်းတို့ကိုပပျောက်စေမည်ဖြစ်သည်။ ထိုသို့လုပ် ဆောင် ခြင်းသည် "ဆင်းရဲသောနိုင်ငံများတွင်ရှိသောဖိနှိပ်ခံရသူများ၊ ဥပေက္ခာပြုခြင်းခံရသူများ၊ စည်းဘောင် ကန့်သတ်ထားခြင်းခံရသောသူများအားအကူအညီပေးခြင်း၊၄င်းတို့ဘက်မှမားမားမတ်မတ်ရပ်တည်ပေး ခြင်းဖြင့်သူတို့၏ဘဝနှင့်ဂုဏ်သိက္ခာကိုမြှင့်တင်အားဖြည့်ရန်"ဆိုသည့် DanChurchAid ၏ရည်မှန်းချက် နှင့်လည်းကိုက်ညီမှုရှိသည်။

Transparency International's Corruption Perception ၏ညွှန်းကိန်းဇယားအရ DanChurchAid က လုပ်ငန်းလုပ်ဆောင်နေသောနိုင်ငံများသည်ကမ္ဘာပေါ်တွင်အဂတိလိုက်စားမှုအမြင့်များဆုံး စာရင်းထဲတွင် ပါဝင်နေသည်။ DanChurchAid အနေနှင့်စီမံခန့်ခွဲရသောရန်ပုံငွေများကိုမသမာသောသူများလက်ထဲသို့ မရောက်မိစေရန် ထိန်းသိမ်းလုပ်ဆောင်ရမည်ဖြစ်သည်။

DanChurchAid အားအလှူရှင်အဖွဲ့အစည်းအမျိုးမျိုးကယုံကြည်မှုအပြည့်နှင့်ရံပုံငွေများပေးလှူထားသည်။ DanChurchAid သည်ထိုရံပုံငွေများအားဖြောင့်မှတ်မှန်ကန်စွာ၊မြင်သာပွင့်လင်းစွာသုံးစွဲနေကြောင်းသေချာ မှုရှိစေရန်လုပ်ဆောင်လျက်ရှိသည်။[၁] DanChurchAid သည် အလှူရှင်အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အ စည်းများနှင့်အကျိုးခံစားခွင့်ရှိသူများအတွက်လုပ်ငန်းများလုပ်ကိုင်ရာတွင်ရံပုံငွေများကိုဖြောင့်မှတ်မှန်ကန် စွာသုံးစွဲစေရန်၊ နှင့် အဂတိလိုက်စားမှုကိုရှောင်ရှားရန်ကြီးမားသောတာဝန်ကိုခံယူဆောင်ရွက်နေပါသည်။

ကျွန်ုပ်တို့ DanChurchAid ဝန်ထမ်းများအနေနှင့်လုပ်ကိုင်ရာအမှုအရာအားလုံးတို့တွင်လောကနီတိကျင့် ဝတ်နှင့်ဝန်ထမ်းပီသမှုကိုအမြင့်ဆုံးထား၍လုပ်ဆောင်မြှင့်တင်ရန်တာဝန်ရှိသည်။ မတူညီသောနိုင်ငံများ၊ တစ်ခါတစ်ရံတွင်ရှုပ်ထွေးခက်ခဲသောအခြေအနေများ၊ဘာသာစကား၊ယဉ်ကျေးမှုဓလေ့ထုံးစံနှင့်ယုံကြည်ကိုး ကွယ်မှုမတူညီသောနေရာများတွင်လုပ်ဆောင်ရသောဝန်ထမ်းများသည်ဘက်စုံအရည်အချင်းများစွာလိုအပ်

[၁] အနာဂါတ်အတွက်မျှော်မှန်းချက်နှင့်ရှေ့လုပ်ငန်းစဉ်–ရည်မှန်းချက်ခွဲ (ဂ) 'DanChurchAid အားယုံကြည်စိတ်ချစွာပေးလှူထားသော ဘဏ္ဍာရေး အရင်းအမြစ်များကိုကိုင်တွယ်သုံးစွဲခြင်းနှင့်ပတ်သက်၍ဖြောင့်မှတ်မှန်ကန်ပြီးပွင့်လင်းမြင်သာမှုရှိစေရန်ဖေါ်ဆောင်ပေးရန်'

သည်။ ဗဟုသုတကြွယ်ဝမှု၊လေးစားသမှုနှင့် ဆင်ခြင်တုံတရားစသည်တို့သည်ကျွန်ုပ်တို့၏လုပ်ငန်းများ အတွက်ထိန်းကြောင်းပေးသောအဓိကအရာများဖြစ်သင့်သည်။

ဤမူဝါဒသည် အဖွဲ့အစည်းအတွင်း၌၄င်း၊ အဖွဲ့အစည်းပြင်ပရှိဆက်စပ်ပါဝင်နေသူများအတွက်သော်၄င်း အဖွဲ့ အစည်းဝန်ထမ်းတစ်ဦးချင်းနှင့်အဖွဲ့အစည်း၏ဂုဏ်သိက္ခာသမာဓိအတွက် အမြင့်မားဆုံးဟု သတ်မှတ်ထားသော ပြုမူဆောင်ရွက်ခြင်းကို အထောက်အကူပြုစေရန်ထုတ်ပြန်ထားခြင်းဖြစ်သည်။

**အထွေထွေ**

အဂတိလိုက်စားမှုဆိုသည်မှာမိမိအားအပ်နှင်းခြင်းခံရသော လုပ်ပိုင်ခွင့်အာဏာကိုကိုယ်ကျိုးအတွက် အလွဲသုံးစားပြုခြင်းဟုအဓိပ္ပါယ်ဖွင့်ဆိုသည်။ အဂတိလိုက်စားမှုကို လာဘ်ပေးလာဘ်ယူကိစ္စ၊ လိမ်လည်မှု၊ အလွဲသုံးစားမှု၊အဓမ္မငွေညှစ်မှု စသည့်အသွင်ဖြင့်သိရှိထားကြသည်။ အခြားသောဥပမာများကိုအောက်တွင် အသေးစိတ်ဖော်ပြထားပါသည်။

အဂတိလိုက်စားမှုပုံသဏ္ဍာန်အမျိုးမျိုးရှိသည်။ မျက်နှာသာပေးခံရခြင်း၊ အထူးကာကွယ်ပေးထားခံရခြင်း၊ အပိုအခွင့်အရေးဝန်ဆောင်မှုပေးထားခြင်း၊ကြံ့ကြာမှုမရှိအောင်လုပ်ဆောင်ပေးခြင်းစသည့်အသာစီးမှုရ ရန် ငွေကြေးသို့မဟုတ်အခြားဝန်ဆောင်မှုပုံစံတစ်မျိုးမျိုးပေးခြင်းမျိုးဖြစ်နိုင်သည်။ အဂတိလိုက်စားခြင်းသည် ငွေရေးကြေးရေးကိစ္စတစ်ခုတည်းမဟုတ်သည်ကိုသိရှိထားရန်အရေးကြီးသည်။ လူတစ်ဦးတစ်ယောက်ကို အလုပ်ခန့်ထားပေးခြင်း၊ဝန်ဆောင်မှုပေးခြင်းနှင့် အခြားမျက်နှာသာအခွင့်အလမ်းများပေးခြင်းများကိုလည်း အဂတိလိုက်စားမှု၏ပုံသဏ္ဍာန်အဖြစ်သတ်မှတ်နိုင်သည်။

မိမိ၏အသက်ဘေးအန္တရာယ်လုံခြုံရေးကိုအထိခိုက်ခံပြီးဤမူဝါဒကိုလိုက်နာကျင့်ကြံခြင်းမပြုသင့်ပါ။

DanChurchAid ဝန်ထမ်းများအနေနှင့်မိမိ၏တိုင်းပြည်နှင့်အပြည်ပြည်ဆိုင်ရာ ဥပဒေများကို လိုက်နာရန် တာဝန်ရှိ ပါသည်။၄င်းအပြင် ကျွန်ုပ်တို့လုပ်ငန်းလုပ်ကိုင်နေသောနိုင်ငံက လက်မှတ်ရေးထိုးထားသော နိုင်ငံတကာ သဘောတူညီချက်ကြေငြာစာတမ်းများကိုလည်းလိုက်နာရပါမည်။

DanChurchAid အနေဖြင့်ဤမူဝါဒကိုမိတ်ဖက်အဖွဲ့အစည်းများနှင့်အခြားဆက်စပ်ပါဝင်ပတ်သက်သော အဖွဲ့အစည်းများ သိရှိအောင် အသိပေးရန်တာဝန်ရှိပါသည်။

## အဂတိလိုက်စားမှုဆန့်ကျင်ရေးအချက်အလက်များ

အောက်ဖော်ပြပါအခြေခံသဘောတရားအချက်အလက်များသည် DCA ၏အဂတိလိုက်စားမှုဆန့်ကျင်ရေးမူဝါဒတွင်ပါဝင်သောအချက်များဖြစ်သည်။

၁။ အကျိုးစီးပွားဆိုင်ရာပဋိပက္ခ
၂။ အာဏာအလွဲသုံးစားမှုနှင့်အဓမ္မချိမ်းခြောက်ခြင်း
၃။ လိမ်လည်ခြင်းနှင့်အလွဲသုံးစားခြင်း
၄။ လာဘ်ပေးလာဘ်ယူခြင်း
၅။ ဆွေမျိုးသားချင်းကောင်းစားရေးနှင့်အထူးအခွင့်အရေးပေးခြင်း
၆။ တံစိုးလက်ဆောင်များ

## ၁။အကျိုးစီးပွားဆိုင်ရာပဋိပက္ခ

*ကျွန်ုပ်တို့၏ကိုယ်ကျိုးစီးပွားနှင့် DanChurchAid ၏အကျိုးစီးပွားတို့အကြား အမှန်တကယ်သို့မဟုတ်ဖြစ်နိုင်ခြေရှိသောသင့်တော်လျောကန်မှုမရှိသောမည်သည့်အကျိုးစီးပွားဆိုင်ရာပဋိပက္ခကိုမဆိုရှောင်ကြဉ်ပါမည်။*

အကျိုးစီးပွားဆိုင်ရာပဋိပက္ခဖြစ်စေမည့်အရာများကိုရှောင်ကြဉ်ခြင်းသည်အဂတိလိုက်စားမှုကိုတိုက်ဖျက်ရန်အဓိကသဘောတရားဖြစ်သည်။ DanChurchAid ဝန်ထမ်းတစ်ဦးအနေနှင့်မိမိကိုယ်ကျိုးစီးပွားတစ်ရပ်ရပ်ဖြစ်နေ/ ရှိနေပြီး မိမိ၏တာဝန်ထမ်းဆောင်မှုအပေါ် သြဇာသက်ရောက်လွှမ်းမိုးမှုရှိနိုင်သည့် အခြေအနေတစ်ရပ်ရပ်ကိုတွေ့ကြုံနေရပါက အကျိုးစီးပွားဆိုင်ရာပဋိပက္ခကိုဖြစ်ပေါ်စေနိုင်သည်။

အကျိုးစီးပွားဆိုင်ရာပဋိပက္ခကိစ္စများမကြာခဏဆိုသလိုဖြစ်ပေါ်နိုင်ပြီး၄င်းတို့ကိုအဂတိလိုက်စားမှုဟု အတိအကျမဆိုနိုင်ပါ။အရေးကြီးသည်မှာထိုကိစ္စများကိုမည်သို့ဖော်ထုတ်ကိုင်တွယ်ခြင်းပင်ဖြစ်သည်။ထိုကိစ္စရပ်အခြေအနေကိုစနစ်တကျဖော်ထုတ်ကိုင်တွယ်ခြင်းမပြုလျှင် DanChurchAid ၏ဂုဏ်သိက္ခာကိုထိခိုက်စေနိုင်ပြီးအဂတိလိုက်စားမှုဘက်သို့ရောက်ရှိသွားနိုင်သည်။ ဝန်ထမ်းတစ်ဦးသည်ဓမ္မဓိဋ္ဌာန်ကျကျကောင်းမွန်စွာဆန်းစစ်အကဲဖြတ်နိုင်ရမည်ဖြစ်ပြီးအကယ်၍မသေချာပါက အထက်အရာရှိနှင့်ဆက်သွယ်ရပါမည်။ အကျိုးစီးပွားဆိုင်ရာပဋိပက္ခကိစ္စရပ်များကိုကိုင်တွယ်ရာ၌ကိုယ်ပိုင်အကဲဖြတ်မှုနှင့်အသိဉာဏ်ကိုအသုံးပြုပြီးမှန်ကန်သောဆုံးဖြတ်ချက်ချရန်အရေးကြီးသည်။

အောက်ဖော်ပြပါအခြေခံသဘောတရားများသည်အကျိုးစီးပွားဆိုင်ရာပဋိပက္ခဖြစ်ခြင်းအတွက်နမူနာများဖြစ်သည်။

## ၂။ အာဏာအလွဲသုံးစားမှုနှင့်အခမ္ဘချိန်းခြောက်ခြင်း

*ကျွန်ုပ်တို့သည်လူတစ်ဦးတစ်ယောက်သို့မဟုတ်အဖွဲ့အစည်းတစ်ခုအားမိမိကိုယ်ကျိုးအတွက် မိမိရာထူးကို အသုံးပြု၍သော်၎င်း၊ထိုသူသို့မဟုတ်ထိုအဖွဲ့ အစည်းအားမျက်နှာသာရ/အသာစီးရရန်လုပ်ဆောင်ပေးမည် ဟုကမ်းလှမ်း၍သော်၎င်း သြဇာလွှမ်းမိုးရန်လုပ်ဆောင်မည်မဟုတ်ပါ။ ထိုနည်းတူစွာပင် ခွင့်ပြုချက်မရှိပဲ DanChurchAid ပိုင်ဆိုင်ပစ္စည်း၊ အသုံးအဆောင်၊ဝန်ဆောင်မှု၊ဘဏ္ဍာရေးအရင်းအမြစ်များအား ကိုယ်ကျိုး အတွက် အသုံးမပြုပါ။ မျက်နှာသာ/အသာစီးရရှိရန်မည်သည့်အခမ္ဘအသွင်ဆောင်သောနည်းလမ်းများကိုမှ အသုံးမပြုပါ။*

ဤသဘောတရားက သင်၏ကျွမ်းကျင်မှုအရာ၊ရာထူးအဆင့်အားကို ကိုယ်ကျိုးအတွက်အသုံးမပြုသင့်ဟု အဓိပ္ပါယ်သက်ရောက်သည်။ အခြားနည်းလမ်းများဖြင့်မရရှိနိုင်သောအကျိုးအမြတ်ကိုရယူရန်မိမိ၌ရှိသော အာဏာလုပ်ပိုင်ခွင့်ကိုအသုံးပြုပြီးရယူခြင်းသည် အလွဲသုံးစားခြင်းဖြစ်သည်။ ပစ္စည်းပေးသွင်း/ရောင်းသူ များနှင့် မိမိတို့ပုဂ္ဂလိကသိကျွမ်းမှုအားအသုံးပြု၍မိမိကိုယ်ရေးကိစ္စအတွက် ကွန်ပျူတာ၊မော်တော်ကား၊ အစားအသောက်၊ တိုင်ပင်ဆွေးနွေးမှု၊ခရီးသွားခြင်းစသည့်ကိစ္စများတွင်ဈေးနှုန်းလျှော့စေခြင်းမပြုရပါ။ အခြားဝန်ထမ်းများကသင့်အားမျက်နှာသာပေးရန်၊ အခြားဝန်ထမ်းများထံမှဝန်ဆောင်မှုရယူရန် သင်၏ စီမံခန့်ခွဲရေးရာထူးကိုအသုံးပြုလုပ်ဆောင်ခွင့်မရှိပါ။

## ၃။ လိမ်လည်ခြင်းနှင့်အလွဲသုံးစားခြင်း

*လိမ်လည်ခြင်းနှင့်အလွဲသုံးစားခြင်းသည်တရားဥပဒေနှင့်ညီစွန်းသည်။ DanChurchAid ၊မိတ်ဖက်အဖွဲ့ အစည်းများနှင့် လုပ်ငန်းများတွင်ဆက်စပ်ပါဝင်သူများထံမှ မိမိကိုယ်ကျိုးနှင့်၊မိမိလုပ်ငန်းတာဝန်များ အတွက်အခွင့်အရေးရယူရန်၊ ဥစ္စာပစ္စည်းရယူရန်လိမ်လည်ခြင်းနှင့် အလွဲသုံးစားခြင်းများကိုနည်းလမ်း အဖြစ်အသုံးမပြုရပါ။*

လိမ်လည်မှုသည်စီးပွားရေးဆိုင်ရာရာဇဝတ်မှုဖြစ်ပြီးအယုံသွင်းခြင်း၊လှည့်ဖြားခြင်း၊ ဟန်ဆောင်ခြင်း၊ဖြစ်ပြီး တစ်ဦးတစ်ယောက်ကငွေကြေးအကျိုးအမြတ်နှင့် အသာစီးမှုရရှိရေးအတွက် တရားမဝင်နည်းဖြင့်ရယူခြင်း ဖြစ်သည်။အလွဲသုံးစားခြင်းဟုဆိုရာ၌တစ်ဦးတစ်ယောက်ကယုံကြည်မှုဖြင့်အပ်နှံထိန်းသိမ်းထားသော ဥစ္စာ ပစ္စည်းသို့မဟုတ်ငွေကြေးအား ခန့်အပ်ထားသောကိုယ်စားလှယ်သို့မဟုတ်ထိန်းသိမ်းသူက အလွဲသုံးခြင်း ကိုဆိုလိုသည်။

လိမ်လည်မှုနှင့်အလွဲသုံးစားခြင်း၏ပုံစံနမူနာများမှာ–စာရွက်စာတမ်းအတုပြုလုပ်ခြင်း၊အရည်အချင်း ဆိုင် ရာအချက်အလက်များကိုလိမ်လည်တင်ပြခြင်း၊လုပ်ပိုင်ခွင့်၊အသိပညာကိုအလွဲသုံးစားခြင်းတို့အားဖြင့် ကျွန်ုပ်တို့အားယုံကြည်စိတ်ချစွာအပ်နှံထားသောငွေကြေးပစ္စည်းများနှင့်ပစ္စည်းများကိုခိုးယူခြင်း၊ အလွဲ သုံးစားခြင်း ဖြစ်သည်။

ငွေစာရင်းအင်းနှင့်မှတ်တမ်းမှတ်ရာစာရွက်စာတမ်းများထားရှိရန်ပြဋ္ဌာန်းထားသောနည်းဥပဒေများကို အမြဲတစေလိုက်နာဆောင်ရွက်ရပါမည်။ ဥပမာ– ငွေပေးခြေရန်ခွင့်ပြုချက်ကိုရယူရာ၌ DanChurchAid ဒေသရုံးမှ ထုတ်ပြန်ထားသည့်ငွေစာရင်းလုပ်ထုံးလုပ်နည်းအတိုင်းလိုက်နာရမည်။ လုပ်ငန်းအစီအစဉ်များနှင့်စီမံကိန်းလုပ်ငန်းကိစ္စရပ်များဆိုလျှင် " Programme and Project Manual " လုပ်ထုံးလုပ်နည်း PPM အတိုင်းလိုက်နာရမည်။ အားလုံးကိုရိုးသားဖြောင့်မတ်မှုပြသရန်အလိုရှိသည်။

## ၄။ လာဘ်ပေးလာဘ်ယူခြင်း

*ကျွန်ုပ်တို့သည်မည်သည့်ပုံစံနှင့်မဆိုလာဘ်ပေးခြင်း၊လာဘ်ယူခြင်းမလုပ်ဆောင်ပါ။*

လာဘ်ပေးလာဘ်ယူခြင်းကိုတစ်ဦးတစ်ယောက်အားငွေကြေး၊ဝန်ဆောင်မှုသို့မဟုတ်အခြားတန်ဘိုးရှိ အရာများပေးကမ်းပြီး သူ/သူမကတုန့်ပြန်သည့်အနေနှင့်တစ်စုံတစ်ရာလုပ်ဆောင်ပေးခြင်းဟုအဓိပ္ပါယ် ဖွင့်ဆိုထားသည်။ (လာဘ်ပေးခြင်းကို kickbacks , baksheesh , payola , hush money , sweetener , protection money , boodle , gratuity ဟူ၍လည်းခေါ်သည်။)[၂]

ပုံသက်သေအနေနှင့်ကျွန်ုပ်တို့သည်ဖြစ်နိုင်ခြေရှိသောမိတ်ဖက်အဖွဲ့အစည်းများနှင့်လုပ်ငန်းသဘောတူညီချက်လက်မှတ်ရေးထိုးရန်လုပ်ဆောင်ရာ၌လာဘ်မယူပါ။လက်မခံပါ။ မိတ်ဖက်အဖွဲ့အစည်းများအပေါ်သြဇာရှိနိုင်ရန်သူတို့အားလာဘ်ပေးခြင်းလည်းမပြုလုပ်ပါ။ ကျွန်ုပ်တို့သည်မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးတွဲလုပ်ကိုင်ဆောင်ရွက်မှုများကိုအကျိုးတူပိုင်ဆိုင်မှု၊ တာဝန် ရှိမှု၊ပူးပေါင်းပဝင်မှု၊မျှတမှု၊ညီညာမှုနှင့်တန်းတူညီမျှစွာဆက်ဆံမှုတို့အပေါ်အခြေခံထားသည်။( DanChurchAid ၏ပူးပေါင်းဆောင်ရွက်မှုနှင့်အပြည့်ပြည့် ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမူဝါဒ)

လာဘ်ပေးလာဘ်ယူခြင်းသည်နိုင်ငံတိုင်းတွင်တရားမဝင်သောကိစ္စဖြစ်ပြီးတရားမျှတစွာစီရင်ခြင်း၊ ပြိုင်ဆိုင်ခြင်းအခွင့်အလမ်းတို့အားထိခိုက်စေနိုင်သည့်အရာဖြစ်သည်။ လာဘ်ပေးလာဘ်ယူခြင်းသည် မှန်းဆ

---

[၂] အလုပ်ဖြစ်မြောက်ရေးအတွက်အဖိုးအခပေးငွေ – ပြည်သူ့ဝန်ထမ်း သို့မဟုတ် အခြားဝန်ထမ်းအရာရှိများကိုပုံမှန်လုပ်ငန်းတစ်ခုမြန်ဆန်ချောမောစွာဖြစ်မြောက်စေရေးအတွက်အခကြေးငွေပေးရခြင်းကိုဆိုလိုသည်။ပုံမှန်လုပ်ငန်းဆိုသည်မှာကျွန်ုပ်တို့ဝန်ထမ်းများနေ့စဉ်လုပ်ဆောင်ရသောတာဝန်လုပ်ငန်းကိစ္စရပ်များပင်ဖြစ်သည်။

DanChurchAid အနေနှင့်ဤကိစ္စကိုပြင်းထန်စွာဆန့်ကျင်ပြီးဤသို့လာဘ်ကရည်ဖိုးပေးခြင်းကိုမပြုလုပ်သင့်ဟုခံယူသည်။သို့သော်အချို့သောကမ္ဘာ့အရပ်ဒေသများတွင်ဤအမူကိစ္စလုံးဝရှောင်ကြဉ်ရန်မဖြစ်နိုင်သည်ကို DanChurchAid အနေနှင့်သဘောပေါက်ပါသည်။ အခကြေးငွေပေးရသောကိစ္စရပ်များအားလုံး (အဂတိလိုက်စားမှုဆန့်ကျင်ရေးမူဝါဒကိုချိုးဖေါက်သောအခြားဖြစ်ရပ်များအပါအဝင်)ကိုမှတ်တမ်းမှတ်ရာထားရှိရမည်ဖြစ်ပြီးအသိပေးတိုင်ကြားချက်နည်းစနစ်အတိုင်းတင်ပြရမည်။ဤသို့လုပ်ဆောင်ခြင်းအားဖြင့်ပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူမှုအပိုင်းကိုသေချာစေရုံမျှမကထိုသာဓကများအားဖြင့်နောင်တွင်၄င်းအခြေအနေကိစ္စမျိုးကို DanChurchAid အနေနှင့်မည်သို့ရှောင်ကြဉ်ရမည်ကို သိရှိသင်ခန်းစာယူစေနိုင်ပါသည်။)

တွက်ချက်ရန်ခက်ခဲသော သို့မဟုတ် တွက်ချက်ရန်မဖြစ်နိုင်သောပွင့်လင်းမြင်သာမှုမရှိသည့်လုပ်ငန်းများကို တို့ကိုဖြစ်ပေါ်စေသည်။

## ၅။ ဆွေမျိုးသားချင်းကောင်းစားရေးနှင့် အထူးအခွင့်အရေးပေးခြင်း

*ကျွန်ုပ်တို့သည်မိတ်ဆွေသူငယ်ချင်းများ၊မိသားစုဝင်သို့မဟုတ်အမျိုးတော်စပ်သူများအား အလုပ်ရွေးချယ်ခန့်ထားခြင်း၊ပစ္စည်းဝယ်ယူခြင်း၊အထောက်အပံ့အကူအညီပေးခြင်းသို့မဟုတ်အခြားအကြောင်းအရပ်အခြေအနေအမျိုးမျိုးတို့ကို မျက်နှာသာဦးစားပေးမည်မဟုတ်ပါ။*

ဆွေမျိုးသားချင်းကောင်းစားရေးဆိုသည်မှာလုပ်ရည်ကိုင်ရည်နှင့်သင့်တော်မှုကိုဆန်းစစ်ခြင်းထက် ဆွေမျိုးတော်ခြင်း၊မိတ်ဆွေသူငယ်ချင်းဖြစ်ခြင်းတို့ကိုအခြေခံပြီးမျက်နှာသာပေး၊ဦးစားပေးခြင်းဖြစ်သည်။ ဥပမာအားဖြင့်အခြားပို၍ သင့်တော်ပြီးလုပ်ကိုင်နိုင်သောအရည်အချင်းရှိသူများရှိသော်လည်း စီမံအုပ်ချုပ်သူတို့နှင့်ဆွေမျိုးတော်စပ်သူတို့ကိုခန့်ထားခြင်း၊ကောင်းမွန်သောလစာနှင့်ခံစားခွင့်များပိုပေးထားခြင်း စသည်တို့ဖြစ်သည်။

ဆွေမျိုးသားချင်းကောင်းစားရေးမျက်နှာသာပေးခြင်းများကိုရှောင်ရှားရန် DanChurchAid ၏ပစ္စည်းဝယ်ယူရေးမူဝါဒလက်စွဲအညွှန်းအတိုင်း လိုက်နာရပါမည်။ ထိုလက်စွဲကိုအောက်ဖော်ပြပါဝက်ဘ်ဆိုဒ်တွင်ရရှိနိုင်ပါသည်။

http://www.danchurchaid.org/sider_ppa_hjemmesiden/procurement/dca_procurement_manual_3rd_edition

DanChurchAid ဒေသဆိုင်ရာရုံးများတွင်ဝန်ထမ်းများခေါ်ယူခန့်ထားခြင်းကိစ္စများကို DanChurchAid ၏ဒေသခံဝန်ထမ်း ရွေးချယ်ရေးမူဝါဒလက်စွဲ နှင့် DanChurchAid ရုံးချုပ်တွင်ဝန်ထမ်းရွေးချယ်ခန့်ထားခြင်း ကို "ဝန်ထမ်းရွေးချယ်ရေး မူဝါဒ" လက်စွဲအတိုင်းလိုက်နာရွေးချယ်ခန့်ထားခြင်းပြုသည်။

အကျိုးစီးပွားဆိုင်ရာပဋိပက္ခဖြစ်ခြင်းကိုကိုင်တွယ်ဖြေရှင်းပြီးဖြစ်ပါကမိသားစု၊ဆွေမျိုး၊မိတ်ဆွေများအားဝန်ထမ်းများအဖြစ်ရွေးချယ်ခန့်ထားခြင်းသည်လက်ခံနိုင်စရာရှိကြောင်း ဖော်ပြရန်အရေးကြီးသည်။

## ၆။ တံစိုးလက်ဆောင်

*ကျွန်ုပ်တို့သည် DanChurchAid ကိုထိခိုက်နစ်နာစေနိုင်သည့် တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ တံစိုးလက်ဆောင်သို့မဟုတ်မျက်နှာသာပေးခြင်း၊ရယူခြင်းစသည်တို့ဖြင့်မိမိ၏လုပ်ငန်းတာဝန်ဆောင်ရွက်မှုများ၊တာဝန်ဝတ္တရားထမ်းဆောင်ခြင်းများအပေါ်အကျိုးသက်ရောက်မှုရှိနိုင်သောအခွင့်အရေးများ ရယူခြင်း၊ နှင့်အလားတူအခြားလုပ်ဆောင်မှုများကိုမပြုလုပ်ပါ။ တံစိုးလက်ဆောင်ပစ္စည်းများဟုဆိုရာတွင်ဝန်ဆောင်*

*မှု၊ ခရီးသွားခြင်း၊ ညှော်ခံဖျော်ဖြေခြင်း၊ ရုပ်ဝတ္ထုပစ္စည်းများနှင့် မျက်နှာသာပေးခြင်းများပါဝင်သည်။ အခြား အရာများလည်းရှိနိုင်ပါသည်။ ဒေသခံတို့၏ရိုးရာထုံးတမ်းအစဉ်အလာအရနှင့်ပုံမှန်ညှော်ဝတ်ပြုခြင်းအရ ပေးသောသာမန်လက်ဆောင်ငယ်များပေးခြင်းကိုမူလက်ခံနိုင်ပါသည်။*

DanChurchAid လုပ်ငန်းလုပ်ဆောင်သောဒေသတိုင်းပြည်များတွင်လက်ဆောင်၏တန်ဘိုးပမာဏ မှာ အမျိုးမျိုးကွဲပြားပါသည်။ ဝန်ထမ်းများအားလုံးမိမိတို့ဘာသာမိမိတို့ကောင်းမွန်စွာချင့်ချိန်ဆုံးဖြတ်လုပ်ဆောင်ရန်ဖြစ်သည်။ အကယ်၍စိတ်ထဲတွင်မတင်မကျဖြစ်နေပါကအထက်အရာရှိအား ဆက်သွယ်ရန်လိုပါသည်။ ရိုးစင်းလွယ်ကူသောစည်းကမ်းချက်မှာထိုလက်ဆောင်ပစ္စည်းသည်မိမိ၏လွပ်လပ်စွာချင့်ချိန်ဆုံးဖြတ်မှုအပေါ်လွှမ်းမိုးခြင်းရှိ/ မရှိအပေါ်အခြေခံပြီးဆုံးဖြတ်နိုင်သည်။ မိမိလက်ခံရရှိသောလက်ဆောင်ငယ်များကိုလုပ်ဖော်ကိုင်ဖက်များ နှင့်ဝေမျှရမည်ဖြစ်သည်။

## DanChurchAid ၏အသိပေးတိုင်ကြားမှုလုပ်ထုံးလုပ်နည်း

ဤအဂတိလိုက်စားမှုဆန့်ကျင်ရေးမူဝါဒကိုလိုက်နာရန်နှင့်ဖောက်ဖျက်မှုတစ်စုံတစ်ရာကိုအသိပေးတင်ပြသတင်းပို့ရန်ကျွန်ုပ်တို့ DanChurchAid ဝန်ထမ်းများအနေနှင့်တာဝန်ရှိသည်။ DanChurchAid အဖွဲ့အစည်းအတွင်းဖြစ်စေ၊ မိတ်ဖက်အဖွဲ့အစည်းများတွင်ဖြစ်စေ၊ DanChurchAid ၏လုပ်ငန်းရပ်များတွင်ဖြစ်စေပတ်သက်နေသည့်အဂတိလိုက်စားမှုဖြစ်ရပ်များကိုလုပ်ထုံးလုပ်နည်းအတိုင်းအသိပေး တင်ပြရပါမည်။ သက်ေသမကင်းမှုဖြစ်ပေါ်လျှင်၄င်း၊အဂတိလိုက်စားမအကြောင်းသတင်းသဲ့သဲ့ကြားသိလျှင်၄င်း သို့မဟုတ် တိကျသေချာမှုမရှိပါက ဆုံးဖြတ်ရန်အခက်အခဲနှင့်ကြုံတွေ့နေရလျှင်၄င်းအကြံတောင်းခံရပါမည်။

အသိပေးတိုင်တန်းချက်များကို ပုံစံတွင်ရေးဖြည့်ပြီး complaint@dca.dk သို့အီးမေးလ်ဖြင့်ပေးပို့ရပါမည်။ ထိုအီးမေးလ်ကိုကိုင်တွယ်သူမှာ Copenhagen ရုံးရှိလူ့အရင်းအမြစ်ဌာနမှပုဂ္ဂိုလ်သုံးဦးသာလျှင်ရှိသည်။ တိုင်တန်းချက်ကိုလက်ခံရရှိပြီးသည်နှင့်စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်ကော်မတီ ကိုဖွဲ့စည်းမည်ဖြစ်သည်။

အသိပေးတိုင်ကြားမှုတွင်အသိပေးတိုင်ကြားသူနှင့်တိုင်ကြားခံရသူ/ အဖွဲ့အစည်းတို့အားလေးစားမှုရှိသည့်အနေနှင့်လျှို့ဝှက်သိုသိပ်စွာကိုင်တွယ်မည်ဖြစ်သည်။ အသိပေးတိုင်ကြားသူ၏အမည်မဖော်ပြထားသောပစ်စာသဘောဖြင့်တိုင်တန်းအသိပေးခြင်းကိုလက်မခံပါ။

အဂတိလိုက်စားခြင်းဖြစ်ရပ်များအားလုံးကို အသိပေးတိုင်ကြားမှုလုပ်ထုံးလုပ်နည်းအတိုင်းအစီရင်ခံရမည်။ ဒေသတွင်းစုံစမ်းစစ်ဆေးမှုအပါအဝင်တို့ကိုအသိပေးတိုင်ကြားခြင်းလုပ်ထုံးလုပ်နည်းအတိုင်းလုပ်ရပါမည်။

မိမိ၏ပုဂ္ဂလိကဘေးကင်းလုံခြုံမှုအန္တရာယ်ရှိနေသောဖြစ်ရပ်များအသိပေးတိုင်ကြားမှုကိုလည်းလုပ်ထုံးလုပ်နည်းအတိုင်းသတင်းပို့ရပါမည်။ထိုလုပ်ထုံးလုပ်နည်းကို DanChurchAid ၏ဝက်ဘ်ဆိုဒ်တွင်ရရှိနိုင်ပါသည်။ http://www.danchurchaid.org/sider paa hjemmesiden/contacts/conplaints

## အဂတိလိုက်စားမှုဆန့်ကျင်ရေးနှင့်အဂတိလိုက်စားမှုနှစ်ပတ်လည်အစီရင်ခံခြင်း

အဂတိလိုက်စားမှုကို DanChurchAid ကျင့်သုံးသောဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်အားဖြင့်မည်သို့တိုက်ဖျက်/တားဆီးသည်ကို DanChurchAid ၏'အဂတိလိုက်စားမှုဆန့်ကျင်ရေးနှစ်စဉ်အစီရင်ခံစာ' တွင်စုစည်းခြုံငုံဖော်ပြထားပါသည်။ ၄င်းအစီရင်ခံစာကို DanChurchAid ဝက်ဘ်ဆိုဒ်နှင့် DanChurchAid နှစ်ချုပ်အစီရင်ခံစာတွင်ဖော်ပြထားပါသည်။ 'အဂတိလိုက်စားမှုအစီရင်ခံစာ'ကို DanChurchAid ဝက်ဘ်ဆိုဒ်တွင်ဖေါ်ပြထားပြီး ၄ဇနာရီအတွင်းနောက်ဆုံးသတင်းအားတင်ပြထားသည်။ ထိုအစီရင်ခံစာတွင် အဂတိလိုက်စားခြင်းဖြစ်ရပ်များနှင့်လိမ်လည်မှုများတို့ကို DanChurchAid က မည်သို့ကိုင်တွယ်အရေးယူပုံကိုဖော်ပြထားပါသည်။ ပုဂ္ဂိုလ်ရေးအရထိခိုက်မည့်အကြောင်းအရာများကိုမည်သည့်အခါမျှ ဖော်ပြထားမည်မဟုတ်ပါ။

ထိုသို့ဖေါ်ပြထားရခြင်း၏ရည်ရွယ်ချက်မှာကျွန်ုပ်တို့လုပ်ငန်းလုပ်ဆောင်လျက်ရှိသောဒေသနိုင်ငံများတွင်အဂတိလိုက်စားမှုနှင့်ပတ်သက်၍တွေ့ကြုံရသောပြဿနာများကိုပွင့်လင်းစွာအသိပေးလိုသောကြောင့်ဖြစ်သည်။ ထို့နည်းတူနောင်အနာဂတ်တွင်ထိုပြဿနာများကိုတားဆီးကာကွယ်ရန်အတွက် ကျွန်ုပ်တို့မည်သို့ကိုင်တွယ်ဖြေရှင်းသည်ကိုပွင့်လင်းစွာတင်ပြရန်ရည်ရွယ်တင်ပြထားပါသည်။

အဂတိလိုက်စားမှုဆန့်ကျင်ရေးနှင့်ပါတ်သက်သောအစီရင်ခံစာနှင့်အခြားသက်ဆိုင်ရာအချက်အလက်များကို www.noedhjaelp.dk/anti-korruption (Danish) , www.danchruchaid.org/anti-corruption (English) တွင်ရှာဖွေတွေ့ရှိနိုင်ပါသည်။